**"လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတတ်စေရန်အတွက် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များပိုမိုလေ့ကျင့်သင်ကြားမွေးထုတ်ပေးရန်"**

**(ထောက်ခံတင်ပြချက်)**

**လေးစားအပ်ပါသောသဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များခင်ဗျား/ရှင် .....**

(၁၉) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ တက်ရောက်လာကြတဲ့ သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းဆေးသမားတော်များညီလာခံကိုယ်စားလှယ်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းသုခအဖြာဖြာနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်/ခင်ဗျား။

ကျွန်တော်/ကျွန်မကတော့..................တိုင်းဒေသကြီး/ပြည်နယ် ...................... မြို့ နယ်မှ တိုင်းရင်းဆေးသမားတော် ဦး/ဒေါ်..................ဖြစ်ပါတယ်။

**လေးစားအပ်တဲ့ သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များခင်ဗျား/ရှင် .....**

ကျွန်တော်/ကျွန်မအနေနဲ့ ယနေ့ကျင်းပပြုလုပ်တဲ့ (၁၉) ကြိမ်မြောက် မြန်မာ့ တိုင်းရင်းဆေးသမားတော်များညီလာခံမှာ **"လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတတ်စေရန်အတွက် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များပိုမိုလေ့ကျင့် သင်ကြားမွေးထုတ်ပေးရန်"** အဆိုကိုထောက်ခံဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ် ခင်ဗျာ/ ရှင်။

**လေးစားအပ်တဲ့ သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များခင်ဗျား/ရှင် .....**

ယခင်ကတော့ တိုင်းရင်းဆေးပညာနဲ့ ပြည်သူလူထုရဲ့ ကျန်းမာရေး စောင့်ရှောက်မှု ပေးဖို့အတွက် နီးစပ်ရာဆရာသမားများထံမှာ အနီးကပ် တပည့်ခံကာ သင်ယူလေ့လာပြီး တိုင်းရင်းဆေးဆရာဖြစ်ဖို့နိုင်ငံတော်က ကျင်းပတဲ့ တိုင်းရင်းဆေးပညာအရည်အချင်းစစ် စာမေးပွဲများကိုဝင်ရောက် ဖြေဆိုခဲ့ကြရပါတယ်။ ပထမဦးစွာ (၃)ဘာသာ (ဒ၊ဘ၊ဗ) စာမေးပွဲများကို ကျင်းပပေးခဲ့ပါတယ်။ အဲ့ဒီနောက်မှာတော့ ၎င်း(၃)ဘာသာစာမေးပွဲ အောင်မြင်ပြီးသူ ဆရာ၊ဆရာမများမှ သင်ကြားရေး၊ ကုသရေး ဆရာများ အဖြစ် နိုင်ငံတော်အစိုးရမှ ခန့်အပ်ခဲ့ပါတယ်။ ထို့ကြောင့် တိုင်းရင်းဆေး သိပ္ပံကို ၁၉၇၆ ခုနှစ် ဇန်နဝါရီလ (၃၁)ရက်နေ့တွင် ဖွင့်လှစ်သင်ကြား ခဲ့ပြီးအပါတ်စဉ်(၃၀)အထိဖွင့်လှစ်ခဲ့ကာဒီပလိုမာလက်မှတ်ရတိုင်းရင်းဆေးပ ညာရှင်များ (၁၃၀၀)ဝန်းကျင်ခန့် မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ထို့ပြင် မန္တလေးမြို့၊ တိုင်းရင်းဆေးသိပ္ပံ၌ တိုင်းရင်းဆေးပညာ ဒီပလိုမာ သင်တန်းများအပြင် (၄)ဘာသာ (ဒ၊ဘ၊န၊ဝ) စာမေးပွဲတစ်ကြိမ် ကျင်းပ ပေးခြင်း၊ တိုင်းရင်းဆေးဆရာ (၁)နှစ်သင်တန်းကိုမန္တလေးမြို့တွင် အမှတ်စဉ်(၁)မှ (၅)ထိနှင့် ရန်ကုန်မြို့တွင် (၁)မှ (၃)ထိကျင်းပပေးခြင်းဖြင့် နိုင်ငံတော်ရဲ့ လိုအပ်ချက်ဖြစ်တဲ့ တိုင်းရင်းဆေးပညာရှင်များကို မွေးထုတ် ပေးခဲ့ကြောင်းသိရပါတယ်။ ယခုအခါတွင် ၂၀၀၁ ခုနှစ်မှစပြီး အနာဂတ် မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးနဲ့ပြည်သူလူထုကျန်းမာရေးစော င့်ရှောက်မှုမှာတာဝန်ယူဆောင်ရွက်ပေးမယ့် B.M.T.M ဘွဲ့ရမြန်မာ့ တိုင်းရင်းဆေးပညာရှင်များကို တိုင်းရင်းဆေးတက္ကသိုလ်က တာဝန်ယူ မွေးထုတ်ပေး လျက်ရှိပါတယ်။ ၂၀၁၁ ခုနှစ်ကစပြီးပေါင်းကူး (၂)နှစ် သင်တန်းနဲ့M.M.T.M မြန်မာ့တိုင်းရင်းဆေး ပညာမဟာဘွဲ့ သင်တန်းများ ဖွင့်လှစ်ခဲ့ပါတယ်။ ယနေ့အထိပုံမှန် B.M.T.M ဘွဲ့ရနဲ့ပေါင်းကူးB.M.T.M ဘွဲ့ရ(၁၅၀၅)ဦးနဲ့ M.M.T.M မဟာဘွဲ့ရ(၅၁) ဦးမွေးထုတ်ခဲ့ကြောင်း သိရပါတယ်။

**လေးစားအပ်ပါသောသဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များခင်ဗျား/ရှင် .....**

တိုင်းရင်းဆေးတက္ကသိုလ်က လတ်တလောလုပ်ဆောင်နေတဲ့ လှုပ်ရှားမှုတွေကတော့တော်တော်များများရှိတယ်လို့ သိရပါတယ်။ တိုင်းရင်းဆေးတက္ကသိုလ်မှာ လက်ရှိသင်ကြားနေရှိတဲ့ဆရာ၊ ဆရာမများကို ရန်ကုန်ပြည်သူ့ကျန်းမာရေးတက္ကသိုလ်မှာ (Diploma of Medical Education) သင်တန်းများတက်ရောက်စေခြင်း၊ MEU က ဦးဆောင်ပြီး Educational Science workshop များ၊ Research Methodology workshopများ, seminarများကျင်းပပေးခြင်း၊ CTME များ၊ Lunch-Time Talk များ၊ ဗဟိုဂန်ထမ်း တက္ကသိုလ်ကဖွင့်လှစ်တဲ့သင်တန်းတွေ တက်ရောက်စေခြင်းစတာတွေလည်းလုပ်ဆောင်နေတယ်လို့ သိရပါတယ်။

**လေးစားအပ်ပါသောသဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များခင်ဗျား/ရှင် .....**

ပြင်ပမှပညာရှင်များကိုဖိတ်ခေါ်ပြီးနက္ခတ္တနယ၊ ဝိဇ္ဇာရေနယ၊ အနာပေါက်၊ ဆေးဝါး၊ အကြော၊ သွေးစမ်းသင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်း၊ ဆေးဖက်ဝင်အပင်များအား သုတေသန စစ်တမ်းကောက်ယူခြင်း၊ ပုဂ္ဂလိကဆေးဝါးစက်ရုံများသို့ လေ့လာရေးခရီးစေလွှတ်ခြင်း၊ ဆေးတက္ကသိုလ် (မန္တလေး)၊ နေပြည်တော် တိုင်းရင်းဆေးသုတေသနဌာနခွဲနဲ့ အထက်မြန်မာပြည် ဆေးသုတေသန (ပြင်ဦးလွင်ရုံးခွဲ) သို့လည်းသုတေသနနှင့်သက်ဆိုင်တဲ့ သင်တန်းများတွေ သွားရောက်လေ့လာ ပူးပေါင်းဆောင်ရွက်စေခြင်း၊ ပြည်သူ့ဘဝလေ့လာခြင်းနှင့် ကွင်းဆင်းဆေးကုသခြင်း၊ တရုတ် အပ်စိုက်ကုသင်တန်း၊ ဂျပန်အကြောပြင်သင်တန်းနဲ့အပ်စိုက်ကုသင်တန်းတွေအတွက် ပြည်တွင်းပြည်ပကပညာရှင်တွေ လာရောက်သင်ကြားစေခြင်း၊ ပြည်ပနိုင်ငံများသို့ ကာလရှည်/ကာလတိုသင်တန်းများနဲ့ လေ့လာရေးခရီးများစေလွှတ်ခြင်းနှင့် စာတမ်းဖတ်ပွဲများသို့ သွားရောက်ဖတ်ကြားစေခြင်းဖြင့် တက္ကသိုလ်မှာရှိတဲ့ သင်ကြားရေး တာဝန်ယူနေတဲ့တိုင်းရင်းဆေးပညာရှင်များနှင့် ပြင်ပတိုင်းရင်းဆေးပညာရှင်များရဲ့ အရည်

အသွေး ပိုမိုတိုးတက်လာအောင်လုပ်ဆောင် ပေးလျက်ရှိကြောင်း သိရပါတယ်။

ဒါဟာလည်းပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုအတွက် တိုင်းရင်းဆေး တက္ကသိုလ်က အရည်အချင်းပြည့်ဝတဲ့ တိုင်းရင်းဆေး ပညာရှင်များကို စနစ်တကျ မွေးထုတ်ပေးလျက်ရှိတာသိရလို့ ဝမ်းမြောက်မိပါတယ်။ ယခုအခါ တက္ကသိုလ်အသီးသီး၏ ဝင်ခွင့်အစီအစဉ်များကို သက်ဆိုင်ရာ တက္ကသိုလ်မှ သီးခြားအစီအစဉ်များဖြင့် ခေါ်ယူမည့် ပညာရေးစနစ်သစ် မကြာမီနှစ်များအတွင်း စတင်တော့မည် ဖြစ်ကြောင်း သိရပါတယ်။ တက္ကသိုလ်ဝင်တန်းရမှတ်အပေါ် အခြေမခံဘဲကျောင်းသား၏ ဝါသနာ၊ ခံယူချက်အလိုက် ဝင်ခွင့်စနစ်ဖြင့် ဆောင်ရွက်မည် ဆိုပါက တိုင်းရင်းဆေးပညာမျိုးရိုးရှိသူနှင့် ဝါသနာပါသူများအတွက် ကြီးမားသော အခွင့်အလမ်းတရပ် မကြာခင် ဖြစ်ပေါ်လာမှာဖြစ်တဲ့အတွက် တိုင်းရင်းဆေးတက္ကသိုလ် အနေဖြင့် ပိုမိုမွေးထုတ်ပေးနိုင်ရန် အခွင့်အလမ်းကောင်းတစ်ခုဖြစ်လာတာနှင့်အညီ တိုင်းရင်းဆေးတက္ကသိုလ် အနေဖြင့်လည်း လူ့စွမ်းအားအရင်းအမြစ် များပိုမိုမွေးထုတ်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်ထားသင့်ကြောင်းအဆိုရှင် တင်သွင်းသွားတာကို သိရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာထောက်ခံဆွေးနွေးအပ်ပါတယ်။

ဒါ့အပြင် အရည်အချင်းပြည့်ဝတဲ့ ဝန်ထမ်းများကို ရာထူးတိုးမြှင့်ပေးခြင်းဖြင့် ချီးမြှင့်ရန် လိုအပ်သလိုလစ်လပ်လျက်ရှိတဲ့ ရာထူးနေရာတွေမှာ ဝန်ထမ်းများအလျင်အမြန်ဖြည့်တင်းခန့်ထားပေးဖို့ အထူးလိုအပ်လျက ရှိပါတယ်။ အရည်အချင်းပြည့်ဝသောတိုင်းရင်းဆေး ပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်ရန်အတွက် တက္ကသိုလ်ရဲ့ ဖွဲ့စည်းပုံကိုတိုးချဲ့ပေးဖို့ကလည်း အထူးလိုအပ် လျက်ရှိတယ် ဆိုတာသိရှိရပါတယ်။ တိုင်းရင်းဆေးတက္ကသိုလ်ရဲ့ ဖွဲ့စည်းပုံကိုတိုးချဲ့ပေးဖို့လိုသလို နောက်ထပ် တိုင်းရင်းဆေးတက္ကသိုလ် တစ်ခုဖွင့်လှစ်ပေးသင့်ပါတယ်။ ၎င်းတက္ကသိုလ်များနှင့် ချိတ်ဆက်ပြီး

သင်ကြားနိုင်မယ့် နီးနွယ်တိုင်းရင်းဆေးကောလိပ်များ (Affiliated Colleges) ကိုလည်းအနည်းဆုံး (၅)ခုခန့် ဖွင့်လှစ်ပေးသင့်ပါတယ်။ အဆိုပါဖွင့်လှစ်ထားသည့် တိုင်းရင်းဆေးတက္ကသိုလ်၊ တိုင်းရင်းဆေးကောလိပ်များရဲ့ ဆေးလက်တွေ့သင်ကြားရေး (Clinical Practice) အတွက် သင့်တော်သည့် တိုင်းရင်းဆေးရုံများကိုသင်ကြားရေးတိုင်းရင်းဆေးရုံများ (Traditional Medicine Teaching Hospital) များအဖြစ် ဖွဲ့စည်းပုံနှင့်တကွ သတ်မှတ်ပေးဖို့ လိုမှာဖြစ်ပါတယ်။ သက်ဆိုင်ရာတိုင်းရင်းဆေးကောလိပ်များမှ အခြေခံဘွဲ့ (B.M.T.M) ကိုလည်းကောင်း၊ တိုင်းရင်းဆေးတက္ကသိုလ်များတွင် ဘွဲ့လွန်သင်ကြားရေး (Postgraduate Teaching) နှင့် သုတေသနလုပ်ငန်းများ (Research Work) များတွဲဖက်၍ Master Degree (M.M.T.M)ဘွဲ့နှင့် ပါရဂူဘွဲ့များအပ်နှင်းပေးခြင်း စသည့်လုပ်ငန်းများဆောင်ရွက်ရမှာဖြစ်တယ်လို့ သိရပါတယ်။ သို့မှသာအရည်အသွေးပြည့်ဝသော တိုင်းရင်းဆေးပညာရှင်များကို ပြည်တွင်း၌ သာမက နိုင်ငံတကာနှင့် ရင်ဘောင်တန်း၍ မွေးထုတ်ပေးနိုင်မှာဖြစ်ပါတယ်။ တိုင်းရင်းဆေးတက္ကသိုလ်ကဘွဲ့ရရှိပြီး သူများဟာ ကိုယ်တိုင်ဆေးကုသနိုင်ရုံသာမက မိမိတို့ကိုယ်တိုင်ဆေးဝါးများထုပ်လုပ်နိုင်သည်ကိုသိရှိရပါတယ်။

တိုင်းရင်းဆေးရုံ/ ဆေးခန်းတွေမှာ တာဝန်ကျနေတဲ့ ဆရာ၊ဆရာမတွေအတွက် မွမ်းမံသင်တန်းတွေ ဖွင့်လှစ်ခြင်း၊ စွမ်းအား မြှင့်သင်တန်းတွေ ဖွင့်လှစ်ပေးခြင်းနိုင်ငံရပ်ခြားသို့ ပညာတော်သင်များ စေလွှတ်ခြင်းဖြင့် ပညာရှင်တွေရဲ့ အရည်အသွေးကိုထပ်မံအဆင့်မြှင့်တင်ရန်လည်း လိုအပ်ပါတယ်။

**လေးစားအပ်ပါသောသဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များခင်ဗျား/ရှင် .....**

တိုင်းရင်းဆေးတက္ကသိုလ်သင်ကြားရေးအထောက်အကူပြုစာကြည့်တိုက်ကိုလည်းနိုင်ငံတကာအဆင့်မီစာကြည့်တိုက်တစ်ခုအဖြစ် မြှင့်တင်ပေးဖို့ အထူးလိုအပ်နေပါတယ်။ ဆေးပညာရပ်များတိုးတက်လာတာနဲ့အမျှ

တိုင်းရင်းဆေးပညာရှင်များ အလွယ်တကူ လေ့လာနိုင်စေဖို့အတွက် ပြည်တွင်းပြည်ပမှထုတ်ဝေတဲ့ဆေးပညာဆိုင်ရာစာအုပ်များ၊ ဘာသာရပ်ဆိုင်ရာ ဂျာနယ်များ၊ တိုင်းရင်းဆေးဆိုင်ရာ သုတေသန အသစ်များနဲ့ ပတ်သက်တဲ့ စာအုပ်စာတမ်းများထပ်မံဖြည့်တင်းစေခြင်း၊ e-library အဖြစ် ထပ်မံတိုးချဲ့ပေးရန် အထူးလိုအပ်လျက်ရှိပါတယ်။

တိုင်းရင်းဆေးတက္ကသိုလ်မှာနှစ်စဉ်ကျင်းပတဲ့ သုတေသန စာတမ်းဖတ်ပွဲသို့ လာရောက်ဖတ်ကြားတဲ့ သုတေသနစာတမ်းများဟာလည်း တိုင်းရင်းဆေးတက္ကသိုလ်က ပညာရှင်များအတွက် လွန်စွာမှ အထောက်အကူဖြစ်စေတဲ့အတွက် သုတေသနစာတမ်းဖတ်ပွဲများ နှစ်စဉ် ကျင်းပသင့်ပါတယ်။

**လေးစားအပ်ပါသောသဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များခင်ဗျား/ရှင် .....**

တိုင်းရင်းဆေးတက္ကသိုလ်ရှိလက်ရှိသင်ရိုးညွှန်းတမ်း curriculum များကို ခေတ်နှင့်လျှော်ညီသောလက်တွေ့တွင် ပိုမိုအသုံးချနိုင်သော သင်ရိုးညွှန်းတမ်းများ ဖြစ်အောင်မွမ်းမံပြင်ဆင်တိုးချဲ့ရေးဆွဲ သင့်ကြောင်း အထူးထောက်ခံဆွေးနွေးလိုပါတယ်။ ဘွဲ့လွန်သင်တန်းတွေအတွက် ယေဘုယျဘာသာရပ်များ သင်ကြားပေးတာမဟုတ်ဘဲ သီးသန့် ဘာသာရပ်များအလိုက် ခွဲခြားသင်ကြားပေးတာမျိုး၊ ဥပမာ- အလွှာအသီးသီးမှ တိုင်းရင်းဆေးပညာရှင်များအတွက် Post-Great Diploma (ဆေးပညာ၊ ဆေးဝါး၊ အပ်စိုက်၊ အနာပေါက်၊ အကြောအရိုးအဆစ်) စသည့်သင်တန်းများ၊ B.M.T.M ဘွဲ့ရများအတွက် M.M.T.M (ဆေးပညာ၊ ဆေးဝါး၊ အပ်စိုက်၊ အနာပေါက်၊ အကြောအရိုးအဆစ်)စသည့်သင်တန်းများဖွင့်လှစ်ပြီးမှ အဲ့ဒီဘွဲ့တွေပေါ် အခြေခံကာ PhD (ဆေးပညာ၊ ဆေးဝါး၊ အပ်စိုက်၊ အနာပေါက်၊အကြောအရိုးအဆစ်) စသည့်အထူးကု ဘာသာရပ်သင်တန်းများ အလျင်အမြန်ဖွင့်လှစ်ပေးရန် တိုက်တွန်းလိုပါတယ်။

**လေးစားအပ်ပါသောသဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များခင်ဗျား/ရှင် .....**

တိုင်းရင်းဆေးတက္ကသိုလ်ဆင်းပြီးဘွဲ့ဒီဂရီရယူခဲ့သော်လည်းအစိုးရဝန်ထမ်းမဟုတ်သော တိုင်းရင်းဆေးတက္ကသိုလ်ဆင်း ပညာရှင်များအတွက်လည်း စွမ်းရည်မြှင့်သင်တန်းတွေ၊ မွမ်းမံသင်တန်းတွေဖွင့်လှစ်ပေးဖို့လိုအပ်ကြောင်းထောက်ခံဆွေးနွေးလိုပါတယ်။

အဆိုရှင် ထောက်ပြဆွေးနွေးခဲ့သလို တိုင်းရင်းဆေးတက္ကသိုလ်ဆင်းပညာရှင်များ ပညာအရည်အသွေးတိုးတတ်လာစေရန် စဉ်ဆက်မပြတ်အဆင့်မြှင့်တင်ပေးရန် လိုအပ်လျက်ရှိပါတယ်။ ယခုထက်ပိုမိုကာပညာရပ်တွေဆွေးနွေးဖလှယ်တာ (workshop, seminar, meeting) တွေပြုလုပ်ပေးတာတွေမကြာခဏဆောင်ရွက်သင့် လှပါတယ်။ Clinical Teaching ကိုပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် တိုင်းရင်းဆေးတက္ကသိုလ်ကပညာရှင်များဟာသင်ကြားရေးတိုင်းရင်းဆေးရုံများကပညာရှင်များနဲ့အတူတကွ ပူးပေါင်းဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း ထောက်ခံဆွေးနွေး လိုပါတယ်။

အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ ပါမောက္ခချုပ်များကော်မတီရဲ့လုပ်ငန်းကော်မတီ(၉)ဖွဲ့မှာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီပါဝင်ပါတယ်။ အဆိုပါ ကော်မတီတွင် စံပြုအကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်Standard Operating Procedure(SOP)များချမှတ်ပြီးဖြစ်ရာထို SOPများအတိုင်းလိုက်နာ ဆောင်ရွက်သင့်ပါသည်။ အဲ့ဒီပါမောက္ခချုပ်များကော်မတီရဲ့ လုပ်ငန်းကော်မတီ(၉)ဖွဲ့က လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီရဲ့ SOP များအတိုင်းဆောင်ရွက်သင့်ပါတယ်။

နိဂုံးချုပ်အနေနဲ့ အထက်ပါဆွေးနွေးခဲ့တဲ့ အချက်တွေကို အခြေခံပြီးမြန်မာ့တိုင်းရင်းဆေး ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် အရည်အသွေး ပြည့်ဝတဲ့ ပညာရှင်များ

ပိုမိုလေ့ကျင့်မွေးထုတ်ပေးရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးလိုက်ရပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

DTM